myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

September 12, 2019 Volume 23, Number 9

**၁၂.၉.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၉၇ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၃၄၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၇/ကျပ် |
| CBM Rate | = ၁၅၃၂.၀/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၉.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၄.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၈၈.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၂၀.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၄.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၆.၁၀ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၄၇၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၄၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၇.၅၂ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၃၂၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## ချင်းရွှေဟော်နယ်စပ် ကုန်သွယ်ရေးစခန်း ပြောင်းရွှေ့ဖွင့်လှစ်ရန် တရုတ်အဆိုပြု

တရုတ်ပြည်သူ့ သမ္မတနိုင်ငံက ချင်းရွှေဟော်နယ်စပ် ကုန်သွယ်ရေးစခန်း ပြောင်းရွှေ့ဖွင့်လှစ်ရန် မြန်မာနိုင်ငံသို့အဆိုပြုထားကြောင်း အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။ စက်တင်ဘာ ၁၀ ရက်က ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်က ရှမ်းပြည်နယ်ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ချင်းရွှေဟော်နယ်စပ်ဂိတ်နှင့်ရန်လုံကျိုင်းဂိတ် အဆင့်မြှင့်တင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းကို ပြန်လည်ဖြေကြားရာ၌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ထည့်သွင်းပြောကြားခြင်းဖြစ်သည်။ တရုတ်နိုင်ငံက အဆိုပြုလာတာကြောင့် စစ်ဆေးရေးဂိတ်နေရာ ပြောင်းရွှေ့ဖွင့်လှစ်ဖို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများက သဘောတူညီမှုရရှိပါက ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများပူးပေါင်းဆောင်ရွက်မှာဖြစ်ပါတယ်ဟု ဦးသိန်းဆွေကပြောသည်။

ချင်းရွှေဟော်နယ်စပ် စစ်ဆေးရေးဂိတ်ကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ခရိုင်၊ ချင်းရွှေဟော်မြို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လင်ချန်းခရိုင် မိန်းတိန်မြို့နယ်နှင့် နယ်နိမိတ်ချင်းထိစပ်ပေါင်းစပ်ထားသည့် နမ့်ဖာဟော်နယ်စပ်တံတားအနီးတွင် အခြေချဖွင့်လှစ်ထားသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် လက်ရှိနယ်စပ်ဂိတ် တည်ရှိရာနေရာမှ မီတာ ၉၀၀ အကွာတွင် နယ်စပ်ကုန်သွယ်ရေးစခန်းကို ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သော်လည်း ယခုဖွင့်လှစ်ဆဲ တရုတ်နယ်စပ်ကုန်သွယ်ရေးစခန်းကို ဆက်လက်အသုံးပြုထားရှိဦးမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောသည်။

ထိုကဲ့သို့ ဆက်လက်အသုံးပြုမည်ဖြစ်ကြောင်းသိရသဖြင့် မြန်မာနိုင်ငံဘက်ရှိ နယ်စပ်စစ်ဆေးရေးစခန်းကို ဆက်လက်ဖွင့်လှစ်ထားရန်လိုအပ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ နယ်စပ်ကုန်သွယ်ရေးစခန်း ပြောင်းရွှေ့ဖွင့်လှစ်မည့်နေရာတွင် မြန်မာနိုင်ငံဘက်ကလည်း ထပ်မံဖွင့်လှစ်ရန် လိုအပ်မည်ဖြစ်ကြောင်း ဦးသိန်းဆွေက လွှတ်တော်သို့ရှင်းပြသည်။ မြန်မာ-တရုတ် နယ်စပ်ဒေသစီမံခန့်ခွဲရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်ကို ၁၉၉၇ မတ်လ ၂၅ ရက်က လက်မှတ် ရေးထိုးချုပ်ဆိုပြီး သဘောတူစာချုပ်အရ မြန်မာ-တရုတ်နယ်စပ်တွင် ချင်းရွှေဟော်ဂိတ်အပါအဝင် နယ်စပ်ဝင်၊ ထွက်ပေါက်ရှစ်ခု ဖွင့်လှစ်ထားသည်။

Source: https://7daydaily.com/story/165829

## တရုတ်ကုန်သည်များ ဝယ်ယူမှုမရှိ၍ ဖရဲသီးအရောင်းအဝယ်တန့်



ရှမ်းပြည်နယ် (မြောက်ပိုင်း) ၌ ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲ အနည်းငယ်ပြန်လည်ငြိမ်သက်ပြီးနောက်ပိုင်းတွင် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ တရုတ်ကုန်သည်များ လာရောက်မဝယ်ယူသောကြောင့် တရုတ်သို့ဖရဲသီးတင်ပို့မှုမှာ ရပ်တန့် လျက်ရှိကြောင်း စက်တင်ဘာ ၉ ရက်က မူဆယ် ၁၀၅ မိုင် သစ်သီးဝလံကုန်စည်ဒိုင်မှသိရသည်။ တရုတ်နိုင်ငံဘက် တွင်လည်း ဖရဲသီးထွက်ရှိသည့်ရာသီဖြစ်သောကြောင့် တရုတ်ကုန်သည်များ လာရောက်မဝယ်ယူခြင်းဖြစ်ပြီး မရောင်းရဘဲပုံနေသည့် ဖရဲကားအစီးရေ ၂၀ ခန့်ရှိကာ ဖရဲဈေးနှုန်းများလည်း ကျဆင်းလျက်ရှိသည်။ ဖရဲရာသီမဟုတ် ပေမယ့် တောင်သူတွေက ဈေးပိုလိုချင်လို့တက်လာတော့ မူဆယ်မှာလာပုံနေရော။ တရုတ်ဘက်မှာကလည်း ဖရဲ ထွက်တဲ့ ရာသီလည်းဖြစ်နေတော့ မရောင်းရတာပါတယ်။ တရုတ်ဘက်က ဖရဲသီးထွက်အားလည်း ဒီနှစ်မှာကောင်းတယ်။ မနှစ်ကတော့ တရုတ်ကဖရဲ အထွက်နည်းတော့ ရောင်းအားကောင်းတယ်ဟု မူဆယ် ၁၀၅ မိုင် သစ်သီးဝလံကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခင်မောင်ကပြောဆိုသည်။

ဖရဲသီးကို တရုတ်နိုင်ငံ၏ ဖရဲသီးထွက် အားပေါ်မူတည်၍ ရောင်းချရခြင်းဖြစ်ပြီး ဖရဲသီးအရောင်းအဝယ် ရပ်တန့်နေသောကြောင့် ယခင်က ဖရဲသီးတစ်တန်လျှင် တရုတ် ယွမ် ၁၅၀၀ ရရှိခဲ့သော်လည်း စက်တင်ဘာ ၇ ရက်မှစတင်ကာ ယွမ် ၉၀၀ မှ ၆၀၀ ဝန်းကျင်အထိ ကျဆင်းသွားသည်။ ဩဂုတ် ၁၅ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ တပ်မတော်နှင့်မြောက်ပိုင်း လက်နက်ကိုင်တို့အကြားဖြစ်ပွားသည့်တိုက်ပွဲကြောင့် လမ်းခရီးတွင်ပိတ်မိနေသည့် ဖရဲကား ၁၀ စီး ကျော်မှာလည်း ပုပ်သိုး၍ စွန့်ပစ်လိုက်ရခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/128209.html

## ရွှေဈေးကစားမှုမဖြစ်စေရန် ပြည်ထဲရေးက နေ့စဉ်စစ်ဆေးမှုများလုပ်နေ




ရွှေဈေးကစားမှုများ မဖြစ်ပေါ်စေရန် နေ့စဉ်ရွှေပေါက်ဈေး စုံစမ်း မေးမြန်းမှုများကို ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ အထူးစုံစမ်း စစ်ဆေးရေးဌာနက လုပ်ဆောင်နေကြောင်း ရန်ကုန်တိုင်းရွှေလုပ်ငန်း ရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။ စသုံးလုံးတို့၊ အထူးရဲတို့က လာမေးတာပါ။ ပြည်ထဲရေးဝန်ကြီးဌာနကို တင်ရတယ်။ ပြည်ထဲရေးကနေ သမ္မတကိုတင်တာပါ။ နေ့စဉ်ရွှေပေါက်ဈေးနှုန်းကို ဝန်ကြီးကလက်မှတ်ထိုး ပေးတယ်။ နယ်မြေတာဝန်ခံတွေလည်း လမ်းထဲကိုလွှတ်ထားတာရှိပါ တယ်ဟု ဦးမျိုးမြင့်ကပြောသည်။ ဈေးကစားမှုများကြောင့် အရေးယူရန် ရွှေလုပ်ငန်းရှင်များကို အထူးစုံစမ်းစစ်ဆေးရေးဌာနက ခေါ်ယူမေးမြန်း နေသည်ဆိုသည့် သတင်းများမှာ ကောလာဟလသာဖြစ်ပြီး ဈေးနှုန်းမေးမြန်းမှုသာရှိသည်ဟု ၄င်းကဆိုသည်။ စက်တင်ဘာ ၁၀ ရက် မနက်ပိုင်း အခေါက်ရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ကျပ် ၁,၂၂၈,၅၀၀ ပေါက်ဈေးရှိနေပြီး ရွှေဈေးမှာ စက်တင်ဘာ ၅ ရက်က ကျပ် ၁,၃၀၀,၀၀၀ ကျော်အထိဖြစ်သွားခဲ့သည်။ ဌာနဆိုင်ရာတွေအားလုံးက မေးနေတာပါ။ မြို့နယ်ရဲစခန်း၊ မြို့နယ် ထွေအုပ်၊ စသုံးလုံး၊ ရဲသတင်းတပ်ဖွဲ့ကလည်းမေးတယ်။ ဌာနပေါင်းစုံက ဈေးနှုန်းကိုနေ့တိုင်းမေးတာပါ'ဟု ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူးဦးဝင်းမြင့်ကပြောသည်။

စက်တင်ဘာလ ပထမပတ်အတွင်းက ဗဟိုဘဏ်က ထွက်ပေါ်လာသည့်သတင်းများကြောင့် လူအများစိုးရိမ်ပူပန်ပြီး အခေါက်ရွှေဝယ်ယူမှု နှစ်ဆခန့်မြင့်တက်လာခဲ့သော်လည်း လက်ရှိတွင် အခေါက်ရွှေဝယ်ယူမှုနှုန်းကျဆင်းကာ ပြန်လည်

ရောင်းချလိုသူများပြားနေကြောင်း ဦးဝင်းမြင့်ကဆိုသည်။ ဘဏ်နှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား ချေးငွေပြန်မဆပ်သည့် သတင်းများကြောင့် လူအများ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ စီးပွားရေးလုပ်ငန်းရှင်များက ပြည်တွင်းဘဏ်များထံမှ ချေးယူထားသည့် ချေးငွေကို ပြန်ဆပ်ရန်အခက်အခဲရှိနေကြောင်း မီဒီယာများတွင် ပြောကြားခဲ့ကြသည်။ သို့သော် စက်တင်ဘာ ၂ ရက်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ယင်းကိစ္စနှင့်ပတ်သက်၍နှစ်ဖက်ညှိနှိုင်းမှုများပြုလုပ်မည်ဖြစ်ကြောင်းနှင့် ပြည်သူလူထု စိုးရိမ်မှုမရှိကြရန်ထုတ်ပြန်ခဲ့သည်။ ပြည်သူလူထုကို စိုးရိမ်ပူပန်မှုမရှိစေဖို့ ဗဟိုဘဏ်ကထုတ်ပြန်ချက်ထုတ်တာ။ အဲဒီထုတ်ပြန်ချက်ကို မြင်ကာမှ ပြည်သူလူထုက ပိုပြီးစိတ်ပူပန်လာကြပြီး အခေါက်ရွှေလိုက်ဝယ်ကြတာပါ'ဟု ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ရွှေဈေးသည် ဧပြီလအတွင်းက အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၀၅၀၀၀၀ ဝန်းကျင်ပေါက်ဈေးရှိခဲ့ရာ တဖြည်းဖြည်းဈေးနှုန်းမြင့်တက်လာခဲ့သည်။ ရွှေဈေးမြင့်တက်လာရခြင်း အကြောင်းအရင်းသည် ကမ္ဘာ့ရွှေဈေးမြင့်တက်လာရခြင်းနှင့်လည်း တိုက်ရိုက်သက်ဆိုင်နေသည်။

**Source:** https://myanmar.mmtimes.com/news/128241.html

## မြန်မာပြည်တွင် သံမဏိထုတ်လုပ်ရန်စီစဉ်

မြန်မာ့သံမဏိလုပ်ငန်းမှ ပြည်တွင်းတွင်သုံးစွဲနိုင်ရန် တရုတ်နိုင်ငံမှ နည်းပညာပူးပေါင်းမှုဖြင့် ထုတ်လုပ်ရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်းအကြံပေး ဦးတင်မြင့်ကပြောသည်။ လက်ရှိတွင် ပြည်တွင်းသုံးစွဲမှု၏ ၉၀ ရာခိုင်နှုန်းကို ပြည်ပမှတင်သွင်းနေရသည်။ ထို့ကြောင့် ပြည်တွင်းတွင် သံမဏိထုတ်လုပ်သုံးစွဲနိုင်ရန် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအတွက် လေ့လာဆန်းစစ်မှုများပြုလုပ်နေပြီး တစ်နှစ်လျှင် ၂ သန်းမှ ၄ သန်းခန့်အထိ ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားသည်။ အခုလက်ရှိအခြေအနေမှာတော့ ပြည်ပကတင်သွင်းတာကိုပဲမှီခိုနေရတော့ အရည်အသွေးပိုင်းမှာက ထိန်းချုပ်မှုမရှိသေးဘူး။ ဒါကြောင့် သံမဏိဇုန်တစ်ခုထူထောင်ဖို့ ရည်ရွယ်ထားပါတယ်။ အထူးသဖြင့် ကမ်းရိုးတန်းလိုနေရာတွေမှာ ထုတ်လုပ်ဖို့ စီစဉ်နေပါတယ်ဟု ဦးတင်မြင့်ကဆိုသည်။

မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်းက ပြည်တွင်းသံမဏိကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရည်ရွယ်ကာ "Towards the Sustainable Iron and Steel Industry in Myanmar; Opportunities and Challenges" အမည်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ကို ဩဂုတ် ၂၉ က နေပြည်တော်တွင် ကျင်းပခဲ့သည်။ မြန်မာနိုင်ငံ၏ သံမဏိကဏ္ဍသည် သဘာဝအားဖြင့် ကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုလိုအပ်ရာ နိုင်ငံရေး၊ စီးပွားရေးတည်ငြိမ်မှုရှိသည့် ပတ်ဝန်းကျင်လိုအပ်ပြီး အစိုးရကလည်း ပြည်တွင်းပြည်ပက ထုတ်လုပ်တင်သွင်းသည့် သံနှင့်သံမဏိပစ္စည်းများ၏ စံချိန်စံညွှန်းကို သတ်မှတ်ထိန်းကျောင်းရန် လိုမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများကပြောသည်။ သံမဏိကဏ္ဍအတွက် ပြည်တွင်းစံချိန်စံညွှန်းတစ်ခုနဲ့ သတ်သတ်မှတ်မှတ်ထိန်းကျောင်းဖို့လိုနေပါပြီ။ အဲဒီအတွက် ဒီကဏ္ဍနဲ့ပတ်သက်ပြီး အာဆီယံနဲ့ အိမ်နီးချင်းနိုင်ငံတွေမှာ ဘယ်လိုကျင့်သုံးနေလဲဆိုတာတွေကို လေ့လာဖို့လိုပါတယ်။ ဒါမှလည်း ပြည်တွင်းသုံးစွဲသူတွေအတွက်လည်း အာမခံချက်ရှိမှာဖြစ်သလို ပြည်တွင်းထုတ်လုပ်သူတွေအနေနဲ့လည်း ဈေးကွက်မှာမျှတစွာယှဉ်ပြိုင်နိုင်မှာဖြစ်ပါတယ်ဟု မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစစ်တိုင်းအောင်ကဆိုသည်။

မြန်မာနိုင်ငံ၏ သံမဏိကဏ္ဍသည် လက်ရှိ၌ ပြည်တွင်းဈေးကွက်တွင် အိမ်ဆောက်မှုလုပ်ငန်းများအတွက် အဓိက သုံးစွဲနေရပြီး ၂၀၁၇ ခုနှစ်တွင် ၂ ဒသမ ၁ သန်းသာ သုံးစွဲမှုရှိရာမှ၊ ၂၀၁၈ တွင် ၂ ဒသမ ၄ သန်းခန့်အထိ မြင့်တက်လာပြီး ယခုနှစ်အတွင်း သုံးသန်းဝန်းကျင်အထိ ပြည်ပမှတင်သွင်းမှာ ယူသုံးစွဲနေရသည်။ လက်ရှိတွင် တစ်နိုင်ငံလုံးတွင် သံမဏိသုံးစွဲမှုပမာဏ နှစ်စဉ်တိုးတက်မှုနှုန်းသည် ရှစ်ရာခိုင်နှုန်းအထိရှိလာပြီး ၂၀၂၅ ခုနှစ်တွင် တန်ချိန် ငါးသန်းအထိ သုံးစွဲမှုပမာဏ တိုးတက်သွားနိုင်ကြောင်း ဦးစစ်တိုင်းအောင်ကပြောသည်။

**Source:** https://myanmar.mmtimes.com/news/128242.html

## တရုတ်က အမေရိကန်ကုန်စည် ၁၆ မျိုးကို အခွန်ကင်းလွတ်ခွင့်ပြု

အမေရိကန် ကုန်ပစ္စည်းအမျိုးအစား ၁၆ ခုကို ထပ်တိုးအခွန်အကောက်စာရင်းကနေ ကင်းလွတ်ခွင့်ပေးမယ်ဆိုပြီး တရုတ်ဘဏ္ဍာရေးဝန်ကြီးဌာနက ကြေညာသွားပါတယ်။ အခွန်ကင်းလွတ်ခွင့်ပြုမယ့် ထုတ်ကုန်တွေထဲမှာတော့တီရှူးဆွာန် အစာတွေ၊ ကင်ဆာ ဆေးဝါးတွေ၊ ချောဆီစတဲ့ကုန်ပစ္စည်းတွေ ပါဝင်မယ်လို့ သိရပါတယ်။အဆိုပါ ကင်းလွတ်ခွင့်ပြုမှုကတော့ စက်တင်ဘာ ၁၇ ရက်ကနေ စတင်အသက်ဝင်မှာဖြစ်ပြီး လာမယ့် ၂၀၂၀စက်တင်ဘာ ၁၆ အထိ အကျုံးဝင်နေမှာ ဖြစ်ပါတယ်။ ဒါဟာ လာမယ့်လမှာ တရုတ်နဲ့အမေရိကန်တို့အကြား အဆင့်မြင့်လယ်ဗယ် ကုန်သွယ်ရေး ဆွေးနွေးပွဲတစ်ရပ် ဝါရှင်တန်မှာကျင်းပဖို့ရှိနေချိန် ခုလိုတရုတ်ရဲ့ ကြေညာချက်ထွက်ရှိလာတာ ဖြစ်ပါတယ်။

ဒါဟာ ကာလကြာရှည်နေတဲ့ ကုန်သွယ်ရေးစစ်ပွဲကို ပြေလည်စေရေးအတွက် ထပ်မံကြိုးပမ်းလာတဲ့ကြိုးပမ်းချက် တစ်ခုလည်းဖြစ်လာခဲ့ပါတယ်။ အမေရိကန်နဲ့ တရုတ်တို့ကတော့ ၂၀၁၈ နှစ်စကစလို့ တစ်ဘက်နဲ့တစ်ဘက် ဒေါ်လာ ဘီလီယံများစွာတန်ကြေးရှိ ကုန်စည်တွေအပေါ် အပြန်အလှန် အခွန်တွေကောက်ရင်း ကုန်သွယ်ရေးစစ်ပွဲ စဖြစ်နေခဲ့တာ ဖြစ်ပါတယ်။

**Source:** SFJ Strategy First Journal

https://www.facebook.com/SFJWeekly/

## နိုင်ငံခြားကုန်သွယ်မှုတန်ဖိုး အစိုးရခန့် မှန်းချက်ထက်ပိုမိုများပြား

မြန်မာနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုတန်ဖိုးမှာ အစိုးရခန့်မှန်းထားသည်ထက်မြင့်တက်ပြီး ဘဏ္ဍာနှစ် ၁၁ လအတွင်း ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၃၂ ဘီလီယံကျော်ရှိလာသည်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်အတွက် မြန်မာနိုင်ငံ၏ နိုင်ငံခြား ကုန်သွယ်မှုပမာဏစုစုပေါင်း ၃၁ ဘီလီယံကျော်ရှိမည်ဟု အစိုးရက နှစ်စပိုင်းတွင်ခန့်မှန်းထားသည်။ သို့သော် ဘဏ္ဍာနှစ် ကုန်ဆုံးရန် တစ်လခန့်သာကျန်ရှိနေချိန်တွင် မြန်မာနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုတန်ဖိုးက ခန့်မှန်းထားသည်ထက်ပိုများ နေသည်။ ကုန်သွယ်မှုပမာဏတိုးတက်တာက ပို့ကုန်တိုးလို့ပါ။ အဓိကတိုးတဲ့ပို့ကုန်က အထည်ချုပ်ပို့ကုန်ပါပဲဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။

ယခုဘဏ္ဍာနှစ်တွင် ချုပ်ပြီးအထည် ပြည်ပတင်ပို့မှုက မြန်မာနိုင်ငံ၏ နိုင်ငံခြားပို့ကုန်စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းခန့် ပါဝင်နေသည်။ မြန်မာနိုင်ငံမှ နိုင်ငံခြားသို့ ယခုဘဏ္ဍာနှစ် ၁၁ လအတွင်း ပို့ကုန်ဒေါ်လာ ၁၅ ဒသမ ၄ ဘီလီယံခန့် တင်ပို့ ထားပြီး ချုပ်ပြီးအထည်တင်ပို့မှုက လေးဘီလီယံကျော်ပါဝင်နေသည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားပို့ကုန်ပမာဏသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ဒေါ်လာတစ်ဘီလီယံခန့်ပိုများသည်။ သွင်းကုန်ပမာဏသည် ဒေါ်လာတစ်ဘီလီယံ ကျော် လျော့နည်းခဲ့သည်။ ပို့ကုန်တိုးတက်ပြီး သွင်းကုန်လျော့နည်းခြင်းက ကုန်သွယ်မှုလိုငွေကို များစွာလျော့နည်း သွားစေသည်။ ယခုဘဏ္ဍာနှစ် ၁၁ လအတွင်း ကုန်သွယ်မှုလိုငွေ ဒေါ်လာတစ်ဘီလီယံကျော်သာရှိသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူကမူ ကုန်သွယ်မှုလိုငွေ ဒေါ်လာသုံးဘီလီယံကျော်ရှိခဲ့သည်။

နိုင်ငံခြားမှ သွင်းကုန်အဓိကလျော့နည်းရခြင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပစ္စည်းများတင်သွင်းမှု ဒေါ်လာသန်း ၇၀၀ ကျော်ဖိုး လျော့နည်းခြင်းက အဓိကဖြစ်သည်။ လူသုံးကုန်ပစ္စည်းများ တင်သွင်းမှုက ဒုတိယအများဆုံးဖြစ်ပြီး ဒေါ်လာသန်း ၄၃၀ ကျော် လျော့နည်းသွားသည်။ ကုန်သွယ်မှုလိုငွေလျော့နည်းခြင်းက နိုင်ငံ့စီးပွားရေးအတွက် ကောင်းမွန် သော အလားအလာများဖြစ်သော်လည်း ရင်းနှီးမြှုပ်နှံမှုအတွက် သွင်းကုန်လျော့နည်းခြင်းက အစိုးရအတွက် အဖြေရှာရန်လိုအပ် နေသည်ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌတစ်ဦးကပြောသည်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၅ ဒသမ ၈ ဘီလီယံရှိမည်ဟု နှစ်စပိုင်းက ခန့်မှန်းထား သော်လည်း ဩဂုတ်လကုန်ဆုံးချိန်အထိ ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံသာ ရင်းနှီးမြှုပ်နှံမှုဝင်ရောက်လာကြောင်း ရင်းနှီး မြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန စာရင်းများတွင်ဖော်ပြထားသည်။

**Source:** https://7daydaily.com/story/165803

## ရွှေမှောင်ခိုလုပ်သည့် ခရီးသွားကုမ္ပဏီများ အရေးယူပေးရန်တင်ပြမည်




ရွှေမှောင်ခိုလုပ်ဆောင်သည့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများကို အရေးယူပေးရန်အတွက် တင်ပြတောင်းဆိုသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) ကသိရသည်။ ဘုရားဖူးပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း အယောင်ဆောင်၍ အိန္ဒိယသို့ ရွှေမှောင်ခိုတင်ပို့သော ခရီးသွားကုမ္ပဏီများရှိလာကြောင်း UMTA အသင်းဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်ကပြောသည်။ ကျနော်တို့ ဒီကိစ္စက လွန်ခဲ့တဲ့ ၂ နှစ်လောက်ထဲက စတာ။ အရင်တုန်းကတော့ သာမန်ဘုရားဖူးကုမ္ပဏီတွေပဲဆိုပြီးထင် တာ။ ဈေးကွက်မှာ အပြိုင်အဆိုင်ရောင်းချရင်းနဲ့ တချို့ကုမ္ပဏီတွေက အဲဒီလိုမျိုး သယ်ခိုင်း၊ ဝတ်ခိုင်းရင်းနဲ့ ရွှေ ၅ ကျပ်သား၊ ၁၀ သားလောက်စီ ဝတ်ခိုင်းပြီးတော့ရှိပါတယ်။ ဟိုဘက်ရောက်မှ ပြန်ပြီးတော့ရောင်းချတယ်။ အဲဒီလိုမျိုးညှိနှိုင်းလုပ်တဲ့ ကုမ္ပဏီတွေပေါ်ပေါက်လာပါတယ်ဟု ၎င်းကဧရာဝတီသို့ပြောဆိုသည်။ ယင်းကုမ္ပဏီများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးရန်အတွက် သက်ဆိုင်ရာအစိုးရတာဝန်ရှိသူများသို့ တင်ပြတောင်းဆိုသွားမည်ဖြစ်ကြောင်း ဦးနောင်းနောင်းဟန်ကဆိုသည်။

ဗုဒ္ဓဂါယာခရီးစဉ်သည် ပုံမှန်အားဖြင့် ၁၅ ရက်ခန့်ကြာမြင့်ပြီး ငွေကျပ် ၁၂ သိန်းခွဲခန့်ကုန်ကျသော်လည်း ခရီးသွားဝန်ဆောင်မှုကုမ္ပဏီအချို့သည် ငွေကျပ် ၁၀ သိန်းဝန်းကျင်နှုန်းဖြင့် ဈေးနှုန်းလျှော့ပေးပြီး လိုက်ပါမည့်ခရီးသည်ကို ကုန်ကူးမည့်ရွှေများဝတ်ဆင်သယ်ဆောင်စေ၍ လုပ်ဆောင်ခြင်းဖြစ်ကြောင်းသိရသည်။ မနှစ်ကစပြီး အိန္ဒိယလေဆိပ်မှာ တင်းတင်းကျပ်ကျပ်စစ်ဆေးတဲ့အခါ တချို့က အများကြီး မြင်မကောင်းလောက်အောင် ဝတ်ပြီးလာတာမျိုးတွေရှိတယ်။ ထိုင်းတို့ ဗီယမ်နမ်နိုင်ငံတို့က ခရီးသည်တွေဆိုရင် ဒီလောက်ကြီး ရှာဖွေတာစစ်ဆေးတာမလုပ်ဘူး။ မြန်မာခရီးသည်ဆိုရင် ကိုယ်ခန္ဓာမှာပါလာတဲ့ ရွှေကိုချိန်တွယ်တဲ့အဆင့်ထိ ရောက်လာပါတယ်ဟု ဦးနောင်း နောင်းဟန်က ပြောသည်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းက ယခုနှစ်ဘုရားဖူးရာသီတွင် ယင်းကိစ္စကို အလေးထားပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကယ်၍ ဘုရားဖူးကုမ္ပဏီများဘက်မှ တစုံတရာပြစ်မှုကျူးလွန်ကြောင်းထင်ရှားလျှင်လည်း ဘုရားဖူးလိုင်စင်ထုတ်ပေးသည့် သက်ဆိုင်ရာ ဌာနများသို့ အရေးယူပေးရန်တင်ပြသွားမည်ဖြစ်ကြောင်းသိရသည်။ ဗုဒ္ဓဂါယာဘုရားဖူးလုပ်ငန်းကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်မြင့်က အိန္ဒိယဘက်မှာ အဖမ်းခံရတာတွေရှိလာတော့ ရွှေကုန်မကူးရအောင် ပိုမိုသတိပေးတားမြစ်နေပါတယ်။ ဒီကိစ္စက လွန်ခဲ့တဲ့ ၇ နှစ် ၆ နှစ်လောက်က မရှိသလောက်ပါ။ အခုချိန်မှာ ဆက်တိုက်နီးပါးဖြစ်နေတယ်ဟု ဧရာဝတီသို့ပြောသည်။

၂၀၁၉ -၂၀၂၀ ခုနှစ် ခရီးသွားရာသီ၌ ဘုရားဖူးခရီးသွားကုမ္ပဏီအယောင်ဆောင်၍ ရွှေမှောင်ခိုသယ်ခြင်းများ မဖြစ်ပွားစေရန် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာနတို့နှင့်လည်း ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ ဆက်လက်၍ ဦးနောင်းနောင်းဟန်က ဒီနှစ် ဒီရာသီမှာတော့ ဒီကိစ္စကို အလေးအနက်ထားပြီးတော့ ကျနော်တို့က အရေး ယူမယ်ဆိုတဲ့ ကိစ္စမျိုးတွေ လုပ်လာတာပါ။ ဒီနှစ်မှာသာ ဒီထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်ဖြစ်သွားမယ်ဆိုရင် ရွှေမှောင်ခို ဈေးကွက်ကြီးက ဘုရားဖူးဈေးကွက်ဖြစ်လာမယ်ဆိုရင် နိုင်ငံရဲ့ဂုဏ်သိက္ခာက ကမ္ဘာ့အလယ်မှာကျဆင်းသွားမှာဖြစ်တယ်ဟု သုံးသပ်ပြောဆိုသည်။ အိန္ဒိယနိုင်ငံ၏ဥပဒေတွင် ခရီးသွားများကို ရွှေထည်အလေးချိန် ၃၀ ဂရမ်အထိသာ သယ်ယူဝတ် ဆင်ခွင့်ပြုပြီး၊ မြန်မာနိုင်ငံလေဆိပ်၌ ခရီးသွားများကို ကျပ်သိန်း ၁၀၀ အောက်တန်ဖိုးရှိ လက်ဝတ်ရတနာများသာ သယ်ယူ ဝတ်ဆင်ခွင့်ပြုထားသည်။ မြန်မာနိုင်ငံလေဆိပ်တွင် ကျပ်သိန်း ၁၀၀ နှင့်အထက် တန်ဖိုးရှိလက်ဝတ်ရတနာများ သယ်ယူဝတ်ဆင်လိုလျှင် အကောက်ခွန်ဌာန၌ စာရင်းပြုစုရပြီး ပြန်လည်ဝင်ရောက်ချိန်တွင် တိုက်ဆိုင်စစ်ဆေးခံရသော်လည်း အများစုမှာ စာရင်း မသွင်းသောကြောင့် တဖက်နိုင်ငံသို့ ရောက်လျှင် ပြဿနာများကြုံရကြောင်း ဘုရားဖူးလုပ်ငန်းရှင်များထံကသိရသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများသို့ ဆက်သွယ်မေးမြန်း သော်လည်း ဖြေကြားပေးမည့်သူမရှိပေ။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က နှစ်စဉ်ပဲ ဒီလိုသွားနေတာ။ ဒီကဝတ်သွားတယ်၊ ဟိုမှာ ပြန်ရောင်းတယ်ပေါ့။ အိန္ဒိယဘက်က ရွှေဈေးတက်တော့လေ။ ရွှေ ၁ ကျပ် သားကို မြန်မာပေါက်ဈေးထက် အိန္ဒိယဈေးက ၁ သိန်းလောက်ကွာတယ်။ နယ်စပ်ဘက်က သွားတာလည်းရှိတယ်။ တမူး၊ မိုးရေးတို့ဘက်က တရားမဝင်ထွက်တယ်ဟု ဧရာဝတီသို့ပြောသည်။ ထို့ကြောင့် ရွှေကို ပြည်ပသို့ တရားဝင်ခွင့်ပြုပေးလျှင် ပြည်ပသို့မှောင်ခိုထွက်နေသော ရွှေထည်များ၏ အဝင်၊ အထွက်များကို ကိန်းဂဏန်းအမှန်သိရှိပြီး နိုင်ငံတော်အနေနှင့်လည်း အခွန် အကောက်များရရှိမည့်အပြင် ကမ္ဘာ့အဆင့်မီ ရွှေဈေးကွက်လည်း ဖြစ်လာမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ဦးမျိုးမြင့်က အခုကပိတ်ဆို့ထားတော့ ပြည်ပနဲ့ဆက်သွယ်လို့မရဘူး။ လိုတဲ့အခါလည်း မှောင်ခိုပဲသွားနေရတယ်။ ဆိုရှယ်လစ်ခေတ်လိုဖြစ်နေတယ်။ ကွာတာက ရွှေကိုကန့်သတ်ခွန်အဖြစ်တော့ အခုပယ်ဖျက်ပေးတယ်ဟုပြောသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ရွှေကိုပြည်ပသို့တရားဝင်တင်ပို့ရန် အမိန့်စာထွက်ထားသော်လည်း ဗဟိုဘဏ်မှ အချက်အလက်များလိုနေသေးသဖြင့် ယခုအချိန်ထိ ပြည်ပတင်ပို့ခွင့်မရသေးခြင်း ဖြစ်သည်။ ဗုဒ္ဓဂါယာသို့ ခရီးသွားဝန်ဆောင်မှုပြုလုပ်နေသော ကုမ္ပဏီ၊ အဖွဲ့ စုစုပေါင်း ၂၀၀ နီးပါးခန့်ရှိသော်လည်း ဗုဒ္ဓဂါယာ ဘုရားဖူးလုပ်ငန်း ကြီးကြပ်ရေးကော်မတီသို့ စာရင်းဝင်ထားသည့်ကုမ္ပဏီမှာ ၇၀ ခန့်သာရှိကြောင်း ဗုဒ္ဓဂါယာဘုရားဖူးလုပ်ငန်း ကြီးကြပ်ရေးကော်မတီကသိရသည်။

**Source:** https://burma.irrawaddy.com/news/2019/09/12/203585.html?

## အီးယူသို့ အော်ဂဲနစ်ဆန်တင်ပို့ မှု ပဋ္ဌမအများဆုံးအဖြစ် ကမ္ဘောဒီးယားရပ်တည်

ကမ္ဘောဒီးယားနိုင်ငံသည် ယမန်နှစ်အတွင်း ဥရောပသမ္မဂ(အီးယူ)သို့ အော်ဂဲနစ်ဆန်တင်ပို့မှု ပဋ္ဌမအများဆုံး နိုင်ငံအဖြစ်ရပ်တည်ခဲ့ပြီး ကမ္ဘောဒီးယားကုမ္ပဏီများက လာမည့်နှစ်အများအတွင်း ပို့ကုန်ဆက်လက်မြင့်တက်လာမည်ဟု ယုံကြည်နေကြသည်။ အီးယူနှင့် အခြားဈေးကွက်များဖြစ်သော အမေရိကန်ပြည်ထောင်စု၊ သြစတြေးလျနှင့် တရုတ် နိုင်ငံ တို့တွင် စားသုံးသူများမှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် ကျန်းမာရေးအသိများ မြင့်တက်လာ သဖြင့် အော်ဂဲနစ်ဆန် ဝယ်လိုအားပိုကောင်းလာသည်ဟု ဈေးကွက်တွင်း တာဝန်ရှိသူများကပြောကြောင်း ခမာတိုင်းမ်သတင်းဌာနက ဗုဒ္ဓဟူးနေ့ တွင် ရေးသားသည်။ ကမ္ဘောဒီးယားသည် ယမန်နှစ်တွင် အီးယူသို့ အော်ဂဲနစ်ဆန် ၈၄၆၇ တန်တင်ပို့ခဲ့ပြီး အီးယူ၏ တင်သွင်းမှုအနက် ၃ ဒသမ ၉ ရာခိုင်နှုန်းနှင့်ညီမျှခဲ့ကြောင်း ကမ္ဘောဒီးယားဆန်စပါးအဖွဲ့က အီးယူထံက ရရှိခဲ့သော စာရင်းများအရသိရသည်။

အမေရိကန်ပြည်ထောင်စုသည် အီးယူသို့ အော်ဂဲနစ်ဆန်တင်ပို့မှု အများဆုံးဖြစ်ခဲ့ပြီး ဈေးကွက်၏ ၇၀ ရာခိုင်နှုန်းနီးပါး အထိရယူခဲ့သည်။ အမေရိကန်ပြည်ထောင်စုနောက်တွင် ပါကစ္စတန်နှင့်အိန္ဒိယတို့က ဈေးကွက်ဝေစု ၁၀ ရာခိုင်နှုန်း၊ ကိုး ရာခိုင်နှုန်းတို့ဖြင့်ရပ်တည်ခဲ့သည်။ ထိုင်းနိုင်ငံက နံပါတ်လေးနေရာတွင်ရပ်တည်ခဲ့ပြီး ဈေးကွက်ဝေစု ၄ ဒသမ ၉ ရာခိုင်နှုန်း ရယူကာ ၁၀၅၂၂ တန်အထိတင်ပို့ခဲ့သည်။ ယမန်နှစ်တွင်အီးယူသို့ကမ္ဘောဒီးယား၏ အော်ဂဲနစ်ဆန်တင်ပို့မှုမြင့်တက်ခဲ့ သည်ဟု ပြည်တွင်းဆန်တင်ပို့လုပ်ငန်းများကပြောကြောင်း ခမာတိုင်းမ်ကရေးသားသည်။ ဥရောပသို့တင်ပို့ခဲ့သည် အော်ဂဲနစ် ဆန်များအနက် ၉၀ ရာခိုင်နှုန်းကို AmruRice ဆန်လုပ်ငန်းတစ်ခုတည်းက တင်ပို့ခဲ့ခြင်းဖြစ်သည်။

AmruRice ဆန်လုပ်ငန်း၏ ဒုတိယဥက္ကဋ္ဌ Kann Kunthy က ကုမ္ပဏီသည် တောင်သူ ၅၀၀၀ နှင့် ကန်ထရိုက် လယ်ယာစာချုပ်များ ချုပ်ဆိုလုပ်ကိုင်နေပြီး ယခုနှစ်တွင် ပြည်ပဈေးကွက်သို့ အော်ဂဲနစ်ဆန်တန်ချိန် ၂၀၀၀၀ တင်ပို့ရန် ရည်ရွယ်ထားကြောင်းနှင့် ၎င်းအနက် ၈၀ မှ ၉၀ ရာခိုင်နှုန်း ကို အီးယူသို့တင်ပို့မည်ဖြစ်ကြောင်းပြောသည်။ ကျွန်တော်တို့က အော်ဂဲနစ်ဆန်နဲ့ ရေရှည်တည်တံ့ရေးဆန်စပါးစကြံ (SRP) အစီအစဉ် အောက်မှာထုတ်လုပ်တဲ့ဆန်တွေကို ဦးစားပေးနေ ပါတယ်။ အဲဒီဆန်အမျိုးအစားတွေဟာ ကမ္ဘောဒီးယားကို တိုင်း၊ ဗီယက်နမ်၊ အိန္ဒိယတို့နဲ့ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေပါ တယ်ဟု Kann Kunthy က ပြောသည်။ စပါးစိုက်ပျိုးရာကဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအပေါ် စိုးရိမ်ခြင်းနှင့် စားသုံးသူများက လယ်ယာသုံးဓာတုဓာတ်ကြွင်းများကို ရှောင်ကြဉ်လာလိုခြင်းတို့ကြောင့် အော်ဂဲနစ်ဆန်ဝယ်လိုအား မြင့်တက်ခြင်းဖြစ်ကြောင်း Kunthy က ရှင်းပြသည်။

အီးယူ၏ အော်ဂဲနစ်ဆန်ဝယ်လိုအားသည် နှစ်စဉ် ၁၅ ရာခိုင်နှုန်းတိုးတက်နေကြောင်း ယခင်နှစ်က အီးယူသို့ အော်ဂဲနစ်ဆန်တန်ချိန် ၁၅၀၀ တင်ပို့ခဲ့သည့် Signature of Asia လုပ်ငန်း၏ အထွေထွေမန်နေဂျာ Chan Pich က ပြောသည်။ အော်ဂဲနစ်ဂျပ်စမင်းဆန် တစ်တန်လျှင် ဒေါ်လာ ၁၅၀၀ အထိရှိပြီး အော်ဂဲနစ်ဆန်လုံးရှည် တစ်တန်လျှင် ဒေါ်လာ ၉၅၀ ရှိကြောင်း Pich ကပြောသည်။ ကမ္ဘောဒီးယားသည် ယမန်နှစ်က ဆန်စုစုပေါင်း ၆၂၆၂၂၅ တန် တင်ပို့ခဲ့ပြီး နှစ်အလိုက်ပမာဏ ၁ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ကမ္ဘောဒီးယားဆန် ဝယ်ယူမှုအများဆုံးဖြစ်သော ဥရောပသမဂ္ဂ

က စုစုပေါင်းတန်ချိန် ၂၇၀၀၀၀ ဝယ်ယူခဲ့ပြီး တစ်နိုင်ငံချင်းအလိုက် အကြီးဆုံးဈေးကွက်ဖြစ်သည့် တရုတ်နိုင်ငံကမူ တန်ချိန် ၁၇၀၀၀၀ ဝယ်ယူခဲ့သည်။

**Sourcre: the farmer Journal**

## STOCK EXCHANGE (12.9.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 12th Sep. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 11,500 | 12,000 | 11,500 | 2,421 | 28,982,000 | 27,112,747 | 325,353 |
| MTSH | 00002 | 4,400 | +0 | +0.00% | 4,400 | 4,400 | 4,400 | 27,418 | 120,639,200 | 38,929,150 | 171,288 |
| MCB | 00003 | 8,300 | -100 | -1.19% | 8,300 | 8,300 | 8,300 | 7 | 58,100 | 10,400,986 | 86,328 |
| FPB | 00004 | 25,500 | +0 | +0.00% | 25,000 | 25,500 | 25,000 | 5 | 126,000 | 2,472,053 | 63,037 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 1,143 | 3,486,150 | 12,823,224 | 39,111 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 500.34 | -0.75 | -0.15% | 490.29 | 500.34 | 490.29 | 30,994 | 153,291,450 | 5 | 685,117 |

**Index chart**




## Market Overview

As of 10:00 am, 12th Sep. 2019

| MYANPIX | 490.29 ▼ 10.80 |
|---|---|
| Total Volume (shares) | 3,384 |
| Total Value (MMK) | 16 mil |
| Listed Company | 5 |
| Market Cap. (MMK) | 671,365 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▼ 500 |
| MTSH | 00002 | 4,400 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 25,000 | ▼ 500 |
| TMH | 00005 | 3,050 | ▲ 0 |